# Job aid for STANDARD Q HIV/ Syphilis Combo Rapid Test

N.H.L
National Health Laboratory











- ⚠ STANDARD Q HIV/SYPHILIS Combo စစ်ဆေးကိရိယာ အသုံးပြုမီ **အညွှန်းစာရွက်**ကို သေချာစွာဖတ်ရှုပါ။
- ⚠ စစ်ဆေးကိရိယာအိတ်၏အနောက်ဖက်တွင်ပါသော **သက်တမ်းကုန်ဆုံးမည့်ရက်စွဲ**ကို စစ်ဆေးပါ။
- ⚠ စစ်ဆေးကိရိယာများကို ရေခဲသေတ္တာ အခဲခန်း **(-20°C)** တွင်မသိမ်းဆည်းရပါ။
- ⚠ စစ်ဆေးကိရိယာနှင့် သွေးနမူနာများအား ရေခဲသေတ္တာ **(2-8 °C)** တွင် သိမ်းဆည်းထားပါက စစ်ဆေးမှုမပြုလုပ်မီ (30) မိနစ်ခန့် ကြိုတင်၍ **အခန်းအပူချိန် (15-30 °C/ 59-86 °F)** ရောက်အောင် ထုတ်ထားပါ။
- ⚠ စစ်ဆေးကိရိယာအထုပ်ထဲရှိ **Silica gel** အရောင်သည် **အဝါရောင်** ဖြစ်ရမည်။ အစိမ်းရောင်ဖြစ်နေပါက ထိုစစ်ဆေးကိရိယာအား အသုံးမပြုရပါ။
- ⚠ စစ်ဆေးကိရိယာအထုပ်သည် **ပေါက်ပြဲနေပါက** အထဲမှ စစ်ဆေးကိရိယာကို အသုံးမပြုရပါ။

## (၁) စစ်ဆေးကိရိယာဖြင့်စစ်ဆေးခြင်း

**(က)** လက်ထိပ်သွေးဖောက်ပြီး Capillary tube ဖြင့် ရယူထားသော သွေး **(20 µl)** ကို သွေးနမူနာ ထည့်ရမည့်နေရာသို့ ထည့်ပါ။





(သို့မဟုတ်)


ခါတ်ခွဲခန်းတွင် စစ်ဆေးမှု ပြုလုပ်လျှင်

- Whole Blood ဖြစ်ပါက **(20 µl)**
- Serum (သို့မဟုတ်) Plasma သွေးရည်ကြည် ဖြစ်ပါက **(10µl)**

ကို micropipette ဖြင့်ယူ၍ သွေးနမူနာထည့်ရမည့် နေရာသို့ထည့်ပါ။




**(ခ)** ဆေးရည် **(၃) စက်** ကို သွေးနမူနာထည့်သည့် နေရာသို့ ထည့်ပါ။










⚠ ဆေးရည်ထည့်သည့်အခါ **ပုလင်းထိပ်ကို** စစ်ဆေးကိရိယာနှင့် မထိမိစေရန် သတိပြုပါ။

## (၂) အဖြေဖတ်ခြင်း

အချိန်မှတ်ကိရိယာဖြင့် အချိန်စမှတ်ပြီး အဖြေကို **(၁၅) မိနစ်နှင့် (၂၀) မိနစ်** အတွင်း ဖတ်ရမည်။ **(၂၀) မိနစ်** ကျော်ပြီးနောက် အဖြေမဖတ်ရပါ။




<table>
<tr><th colspan="2">Test result</th><th>Example</th><th>Description</th></tr>
<tr><td colspan="2">Non-reactive</td><td></td><td>C တစ်နေရာတည်းတွင်သာ အရောင်မျဥ်းပေါ်သည်။</td></tr>
<tr><td rowspan="5">Reactive</td><td>HIV-1 Reactive</td><td></td><td>C နှင့် H1 နေရာများတွင် အရောင်မျဥ်းများပေါ်သည်။<br>C, H2 နှင့် H1 နေရာများတွင် အရောင်မျဥ်းများပေါ်ပြီး H1 နေရာရှိမျဥ်းသည် H2 နေရာရှိမျဥ်းထက် အရောင်ထင်းသည်။</td></tr>
<tr><td>HIV-2 Reactive</td><td></td><td>C နှင့် H2 နေရာများတွင် အရောင်မျဥ်းများပေါ်သည်။<br>C, H2 နှင့် H1 နေရာများတွင် အရောင်မျဥ်းများပေါ်ပြီး H2 နေရာရှိမျဥ်းသည် H1 နေရာရှိမျဥ်းထက် အရောင်ထင်းသည်။</td></tr>
<tr><td>Syphilis Reactive</td><td></td><td>C နှင့် SYP နေရာများတွင် အရောင်မျဥ်းများပေါ်သည်။<br>(SYP နေရာတွင်ပေါ်သောမျဥ်းသည်အရောင်မှိန်သည်ဖြစ်စေ၊အရောင်ထင်းသည်ဖြစ်စေခါတ်ပြုမှုရှိသည်ဟု ယူဆသည်။)</td></tr>
<tr><td>HIV-1 & Syphilis Reactive</td><td></td><td>C, SYP နှင့် H1 နေရာများတွင် အရောင်မျဥ်းများပေါ်သည်။<br>C, SYP , H2 နှင့် H1 နေရာများတွင် အရောင်မျဥ်းများပေါ်ပြီး H1 နေရာရှိမျဥ်းသည် H2 နေရာရှိမျဥ်းထက် အရောင်ထင်းသည်။</td></tr>
<tr><td>HIV-2 & Syphilis Reactive</td><td></td><td>C, SYP နှင့် H2 နေရာများတွင် အရောင်မျဥ်းများပေါ်သည်။<br>C, SYP, H2 နှင့် H1 နေရာများတွင် အရောင်မျဥ်းများပေါ်ပြီး H2 နေရာရှိမျဥ်းသည် H1 နေရာရှိမျဥ်းထက် အရောင်ထင်းသည်။</td></tr>
<tr><td colspan="2">Invalid</td><td></td><td>C နေရာနှင့် SYP ၊ H2 ၊ H1 နေရာအားလုံးတို့တွင် အရောင်မျဥ်း လုံးဝမပေါ်လျှင်သော်လည်းကောင်း၊<br>C နေရာတွင် အရောင်မျဥ်း မပေါ် ပဲ SYP နေရာတွင်ဖြစ်စေ၊ H2 နေရာတွင်ဖြစ်စေ၊ H1 နေရာတွင်ဖြစ်စေ အရောင်မျဥ်းပေါ်နေပါက စံမမှီသော အဖြေအဖြစ် သတ်မှတ်ပြီး စစ်ဆေးကိရိယာအသစ်ဖြင့် နောက်ထပ်တစ်ကြိမ် ထပ်မံစစ်ဆေးရမည်။</td></tr>
</table>

*References : WHO Prequalification of In Vitro Diagnostics PUBLIC REPORT/ Product :STANDARD Q HIV/ Syphilis Combo Test WHO Ref No.PQDx0382-117-00*